# ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံ
# မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း
# ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၏ နောက်တွင် ပုဒ်မခွဲ(ဃ)နှင့် (င)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

“(ဃ) ဗဟိုကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကို ဆိုသည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ကို ဆိုသည်။”

၃။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥပဒေတွင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၌ ပါရှိသော "မိမိ၏ အလုပ်အမှုဆောင်အဖွဲ့" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉ ၌ ပါရှိသော "ဗဟိုကောင်စီ၏ အမှုဆောင် အဖွဲ့" ဆိုသည့် စကားရပ်တို့ကို " ဗဟိုအလုပ်အမှုဆောင်အဖွဲ့"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၇၊ ၈၊ ၉ နှင့် ၁၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ကျန်းမာရေးဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေလျက် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း ရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ်တစ်ဦး ဥက္ကဋ္ဌ

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသော ပုဂ္ဂိုလ် ၁၄ ဦး အဖွဲ့ဝင်

( ဂ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၁၄ ဦး အဖွဲ့ဝင်

(ဃ) နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ အဖွဲ့ဝင်

( င ) စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ ငါးဦး အဖွဲ့ဝင်

၈။ ဗဟိုကောင်စီတွင် ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက် အတွင်းရေးမှူး နှစ်ဦး၊

ဘဏ္ဍာရေးမှူး တစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များက မိမိတို့ အထဲမှ ရွေးချယ် တင်မြှောက်ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ် တင်မြှောက်ခြင်း ခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ် တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်း လည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ် တင်မြှောက်သော အခြား ဗဟိုကောင်စီဝင် ခုနှစ်ဦးသည် ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် အဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းပြီးနောက် ဂုဏ်ထူး ဆောင် နာယကများကို သတ်မှတ်ခြင်းနှင့် ရွေးချယ် တင်မြှောက်ခြင်း ပြုလုပ်နိုင်သည်။ ”

၅။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(ခ) မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၏ ဇနီးကဖြစ်စေ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၌ ဇနီး မရှိလျှင် မြို့နယ်အသင်း ဥက္ကဋ္ဌက တာဝန် ပေးအပ်သည့် မြို့နယ်အဆင့် ကျန်းမာရေး

ဘက်ဆိုင်ရာ ပြန့်တမ်းဝင် အရာရှိ တစ်ဦး၏ ဇနီး သို့မဟုတ် မြို့နယ်အသင်း ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် စေတနာ့ဝန်ထမ်း လုပ်ငန်းကို စိတ်ပါဝင်စားသော ပြင်ပ ဆရာဝန် တစ်ဦးက ဖြစ်စေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ ”

၆။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၁၆။ ဗဟိုကောင်စီ၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။”

၇။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည် –

“၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် –

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ )  ကျန်းမာရေး ဝန်ကြီးဌာနနှင့် ဗဟိုကောင်စီတို့သည် လိုအပ်သော မိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။ ”

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်